ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

သတင်းလွှာ (၈ /၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်

အကြောင်းအရာ။ **သွင်းကုန်လိုင်စင်လျှောက်ထားမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ထောက်ခံချက်၊ လက်မှတ်သက်တမ်းတိုးနှင့်စပ်လျဉ်း၍ ယာယီဖြေလျှော့ခွင့်ပြုခြင်းကို သက်တမ်းတိုးခြင်း**

၁။ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အောက်ပါ အထောက်အထားများနှင့်စပ်လျဉ်း၍ ယာယီဖြေလျှော့ခွင့်ပြုခြင်းကို သတင်းလွှာ(၃/၂၀၂၁)နှင့် (၄/၂၀၂၁)တို့ဖြင့် ထုတ်ပြန်ခဲ့ပါသည်-

(က) DIAC နှင့် DRC ၏ သက်တမ်းကုန်ဆုံးသည့်ကိစ္စရပ်များအတွက် DIAC နှင့် DRC ရရှိထားပြီး ယခင်တင်သွင်းလျက်ရှိသော ဆေးဝါးများဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အဆိုပါမှတ်ပုံတင်လက်မှတ်များကို သက်တမ်းတိုးလျှောက်ထားကြောင်း ယင်းဌာန၏ ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊

(ခ) CMP ပစ္စည်းများတင်သွင်းခြင်းအတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)၏ ထောက်ခံချက်မပါရှိဘဲ သွင်းကုန်လိုင်စင်ခွင့်ပြုပေးခြင်း၊

၂။ ဆက်လက်၍ အပိုဒ်၁(က)ပါ အထောက်အထားများအား ယာယီဖြေလျှော့ခွင့်ပြုခြင်းကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့အထိ သက်တမ်းတိုး၍ ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အပိုဒ်(ခ)နှင့် စပ်လျဉ်း၍ MGMA မှ ထောက်ခံချက်များထုတ်ပေးခြင်းကို ဆောင်ရွက်နေပြီဖြစ်သဖြင့် သွင်းကုန်လိုင်စင်ကို ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**